
နွယ်ယိမ်းခင်
ချစ်လိပ်ပြာရယ် ငိုပါနဲ့ကွယ်

## အပိုင်း (၁)

မနက်ခင်း။

ကျေးငှက်သာရကာတို့၏ တီတီတာတာ အသံလေးများသည် တောင်ကြီးမြို့ ဆိတ်ငြိမ်ရပ်ကွက် အတွင်းရှိ ကံကော်သုခခြံ၏ မနက်ခင်းအလှကို ထပ်မံ အလှဆင်နေလေ၏။

နေရောင်ဖြဖြလေးများ ကမ္ဘာပေါ်သို့ ဖြာကျ၍ ပြတင်းကို ကျော်ပြီး သူ၏ မျက်နှာပေါ်သို့ ကျရောက်လာသောကြောင့် ထပ်မံအိပ်မရတော့ပေ။

အိပ်ရာပေါ်မှ လူးလွန့်ထလိုက်ပြီး နာရီကြည့်လိုက်တော့ မနက် ၇နာရီခွဲ ကျော်နေပြီ။

ရေချိုးခန်းထဲ ဝင်ပြီး သွားတိုက်၊ မျက်နှာသစ်၊ ရေကို တဝချိုးလိုက်သည်။ ပြီးသည်နှင့် အဝတ်မလဲသေးဘဲ အပေါင်ပိုင်း တဘက်ကြီး ပတ်ပြီး မီးဖိုးခန်းသို့ ကြီးမေ ဒေါ်မြနန်း ပြင်ဆင်ထားသော ကျိုက်ကျိုက်ဆူနေတဲ့ နွားနို့ကို ကြက်ဥ၂လုံး ဖောက်ထည့်ပြီး ရောမွှေလိုက်၏။

နွေးတေးတေး ဖြစ်မှ တစ်ရှိန်ထိုး မော့သောက်လိုက်၏။

"သား ဒီနေ့ အလုပ်နားတယ်မလား"

ဒေါ်မြနန်း မေးလိုက်၏။ ဒေါ်မြနန်းဆိုတာက သုတသွေးကို ငယ်ငယ်ကတည်းက ထိန်းကျောင်းခဲ့သူမို့ မိခင်နဲ့မခြား ချစ်သည်။

ဒေါ်မြနန်းကလည်း သွေးအား သားအရင်း တစ်ယောက်လို ချစ်ရှာ၏။ သွေးအား အမြဲ သွန်သင်ဆုံးမ တတ်သည်မို့ မိခင် ဒေါ်ထားထား နိုင်ငံခြား

မှာ စီးပွားရေးကို စိတ်ချလက်ချ လုပ်ကိုင်နေသည် မဟုတ်ပါလား။

"နားတယ် ကြီးမေ၊ အပြင်သွားစရာ ရှိလို့"

အကြော်များကို ခပ်စားရင်း ကြီးမေအား ပြောလိုက်သည်။ ထို့နောက် သတ်မှတ်ထားသော သစ်သီးများကို အရေအတွက် ကုန်အောင် ဆက်စား နေပြန်သည်။ သွေးက အစားအသောက်ကတော့ အလို အားရပါးရ စား တတ်သည်။

"အေး အေး ဂရုစိုက်သွား၊ ကားကိုလည်း ဂရုစိုက် မောင်းဦး"

"ဟုတ်ကဲ့ပါ ကြီးမေ"

စားပြီးသည်နဲ့ အပေါ်ထပ်သို့ ချာခနဲ တက်သွားပြီး အပြင်သွားရန် ပြင်ဆင်လိုက်၏။ ဂျင်းဘောင်းဘီ အနက်ရောင်နဲ့ တဆက်တည်း စပို့ရှပ် အနက်ပေါ်ကို ဂျင်းလက်ရှည် အနက်ရောင်ကို ထပ်ဝတ်လိုက်တော့ သူ့ပုံစံ က gentleman လိုလို ကိုရီးယား မင်းသားလိုလို။ အသားဖြူသောကြောင့် အနက်ရောင်က သွေးနဲ့ အရမ်းလိုက်ဖက်လွန်း နေသည်။

ပြီးတော့ အရပ်မြင့်မြင့် အသားရောင်လှလှနဲ့ ကိုယ်ဟန် တောင့်တောင့်ရှိ သော သွေးသည် ချောမော ခန့်ညားသည့်အပြင် နောက်ဆုံးပေါ် ကားတို့ ပိုင်ဆိုင်ထားခြင်းကြောင့် ပျိုမဒီများ သွားရည်ယိုစရာ ဧးထုပ်အလား။ သူက Infinity အမည်နဲ့ ကားအရောင်းပြခန်း ဖွင့်ထားသော သူဌေးလေ။ အသက်က ၂၉နှစ်။

ချစ်သူ မေစူးဆီမှ ဖြစ်၍

"ဟလို မေစူး ကိုယ်အခုပဲ ထွက်လာတော့မလို့"

"ဟုတ် မေစူးလည်း ထွက်လာနေပြီ ကိုကို "

"အိုခေ ခဏနေရင် တွေ့မယ်နော် "

"ဘိုင့်"

ဖုန်းချသွား၍ ချစ်သူ မေစူးနဲ့ တွေ့ရန် ကားဆီသို့ ဆင်းသွားတော့

"ဆရာ လိုက်ပို့ရမလား"

"နေ မောင်ဒွေး ကြီးမေတို့ကိုပဲ ဝိုင်းကူလိုက်"

"ဟုတ်ကဲ့ ဆရာ"

တွေ့နေကျ ဆိုင်းလေးသို့ ကားကို မောင်းထွက်လာခဲ့ပါ၏။

မေစူးဆိုတာက အထည်ဆိုင်ပိုင်ရှင် သမီး။ ခေတ်ဆန်ဆန် ခေတ်ရေစီးကြောင်းနဲ့ အပြိုင် အလှအပ ကြိုက်တတ်သလို အဝတ်အစားကိုလည်း အများထက်အပြိုင် ဝတ်စားတတ်သူ။ သူမက တစ်ခုခုကို လိုချင်ရင် တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ မရရအောင် ယူတတ်လေသည်။ အလှအပက ကြည့်ပျော်ရှုပျော် ဆိုသော်လည်း တန်ဖိုးကြီး cosmetic များဖြင့် ပြင်လိုက်လျှင်ပဲ နတ်သမီးလေး အလား လှပနေပါ၏။

"ခင်လေး နေ့ကျရင် မန်ကျည်းဖျော်ရည် ဝယ်သောက်ရအောင်"

အနားမှ လုပ်ဖော်ကိုင်ဖက် သီတာက ပြောလိုက်သည်။

"အင်းသောက်မယ်လေ"

သူမတို့အလုပ်က စာရင်းလက်ကျန်တွေ ပစ္စည်းတွေ စစ်ပြီး စနေဆိုရင် ၁၁ထိုးတာနဲ့ နေ့တစ်ဖြတ်ပိတ်ပြီး တနင်္ဂနွေ နေ့ပါ အလုပ်ပိတ်သည်။

တစ်နည်းအားဖြင့် Auditလေ သူမတို့အလုပ်က။

နာရီ ကြည့်တော့ ၁၀နာရီခွဲနေပြီ။

"နေ့ခင်း ဘယ်မှသွားစရာ မရှိဘူးမလား ဒီချိန်ဆို တောင်ကြီးမှာ ချယ်ရီပန်းတွေ ပွင့်နေကြပြီ သွားကြည့်ရအောင်နော် ခင်လေး"

"ဟုတ်တယ် ငါလည်း ချယ်ရီတွေ ကြည့်ချင်တယ် သီတာ"

မိုးအကုန် ဆောင်းအကူး ချယ်ရီတွေ ဝေနေပြီထင်ရဲ့ ...။

အရင်က ဒီတောင်ကြီးကို သူမ ၂ခေါက် ရောက်ဖူးပါ၏။ ထိုအချိန်က ... ...

သီတာက တောင်ကြီးမြို့ခံ မဟုတ်ပေမဲ့ သူမထက် တစ်နှစ် အလုပ်စောရောက်၍ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ သိသင့်သလောက် သိထားပါ၏။

ရီဝေသော မျက်လုံးတစ်စုံက အဝေးသို့ အချိန်တန် ငေးနေသည့်တိုင်ဘေးမှ သီတာ သတိထားမိပြီး...

"ခင်လေး နေမကောင်းဘူးလား ဘာဖြစ်လို့လဲ "

ပျာပျာသလဲ စိတ်ပူပြီး မေးလိုက်မိ၏။

"ဘာမှ မဖြစ်ပါဘူး သီတာရဲ့"

ပြုံးပြလိုက်မှသီတာ နေသာသွားပြီး...

"အင်းပါ ဘာမှ မဖြစ်ရင် ပြီးတာပဲ"

စကားစကို ဖြတ်ပြီး လုပ်လက်စအလုပ်က ဆက်လုပ်နေ ကြလေသည်။

အလုပ်သိမ်းပီမို့ ... ...

မိန်းကလေးစီး ဆိုင်ကယ်ကလစ် အဖြူလေးနဲ့ ခင်လေးနဲ့သီတာ ချယ်ရီတွေ ရှိရာ ရင်ခုန်စွာ မောင်းထွက်လာခဲ့ပါ၏။ မန်ကျည်း ဖျော်ရည်ကို လမ်းမှာဝယ်ပြီး ချယ်ရီပန်းတွေ ကြည့်ရင်း သောက်မယ်ဆိုတဲ့ အတွေးတွေနဲ့ ... ...

ဝါး ... ...

"လှလိုက်တာ ချယ်ရီပန်းတွေက ငါ့ ဓာတ်ပုံ ရိုက်ပေးနော် ခင်လေး"

"အေး ရိုက်ပေးမှာပေါ့"

ဆိုင်ကယ်ဓာတ်သော့ ခပ်ရင်း မကြည့်အားသေးပဲ ဖြေလိုက်သည်။

ကြည့်စမ်း ... သီတာမ ဖျော်ရည်၂ခွက်လုံး ငါကိုင်ရတာ ပန်းတွေမြင်ပြီး သောက်ချင်တာ မေ့သွားတယ် ထင်ပါရဲ့ ... ... စိတ်ထဲမှ ပြောလိုက်ရင်း ... ...

"ဟာ ဟုတ်သား ချယ်ရီပန်းတွေ လှလိုက်တာ"

"ဟုတ်ပ့ါ ခင်လေးရယ် ဟိုဘက်မှာ နေကြာရိုင်းတွေလည်း ရှိတယ် တစ်ယောက်တစ်လှည့် ဓာတ်ပုံ ရိုက်မယ်နော်"

"ရိုက်မှာပေါ့ ပန်းတွေ အရင်လို လှနေတုန်းပဲ"

ချယ်ရီတွေ တအံ့တသြ ကြည့်ရင်း ဖျော်ရည်ခွက်လေးတွေ ကိုင်ရင်း ဓာတ်ပုံ ရိုက်ရန် တတွတ်တွတ် ပြောနေသော သီတာ ဘက်လှည့်အထွက် ... ...

"ဗွမ်း"

"ဟင်"

"ဟာ"

သူမ လက်ထဲက ဖျော်ရည်တစ်ခွက်က သီတာဆီအသွား နောက်မှလူအား မမြင်မိဘဲ တိုက်မိရာမှ ပက်လိုက်သလို ဖြစ်သွား၏။

ကြောင်ကြည့်ရင်းမှ ခင်လေး သတိဝင်လာပြီး

"ဟို ... ဟို ... တောင်းပန်ပါတယ် ဦးလေး "

"ဘာကြ"

"ရှင် ... ဟို ... တောင်းပန်ပါတယ် အန်ကယ်"

"ဟာ"

မျက်မှန်ချွတ်လိုက်ပြီး ထိုသူက စူးရဲစွာ ကြည့်လိုက်ပြီး ဒေါသမျက်ဝန်းဖြင့်

"ကျစ် ... အန်ကယ်ခေါ်ရအောင် ငါက အဘိုးကြီးရုပ် ပေါက်နေလို့လား"

"ဟုတ်ကဲ့"

"ဘာ"

ဖြေလိုက်မှ ပိုဆိုသွားသည်။

"အာ မ ... မဟုတ်ပါဘူး"

သေချာကြည့်လိုက်မှ အနက်ရောင် fashion က အသားအရောင်နဲ့ လိုက်ဖက်လွန်းပြီး ချောမောခန့်ညားသော သူမှန်း သတိထားလိုက်မိ၏။

အကြောင့် အန်ကယ်ခေါ်တာ မကြိုက်တာကိုး။

"လူတစ်ယောက်လုံး လာနေတာ မမြင်ရဘူးလား၊ ဘာအရည်တွေလဲ ချဉ်စူးနာပဲ"

နှာခေါင်းရှုံ့ရက်ကြီး ဒေါသထွက်နေသည်။

သီတာ ကြောင်ရပ်ကြည့်ရင်းက သတိဝင်လာပြီး...

"ဟို ကျွန်မ တောင်းပန်ပါတယ် ရှင်၊ ကျွန်မ သူငယ်ချင်းက မမြင်လို့ ဝင်တိုက်မိတာပါ အတာက မန်ကျည်းဖျော်ရည်ပါ တစ်မျိုး မထင်ပါနက်ရှင်"

သီတာ ပျာပျာသလဲ တောင်းပန်လိုက်၏။

ထိုသူက သီတာ ကို ကျော်ပြီး ကျောလယ်လောက်ရှိ ဆံပင်ကို စည်းထားပြီး ဆေးကူစရာ မလိုသော ခုံကောင် တက်နေသည့်အလား မျက်ခုံးနက်နက်၊ နှုတ်ခမ်းမွေး ရေးရေးလေးနဲ့ နက်ပြာရောင် ပြောင်ရင်ဖုံးကို ဝတ်ထား

သော ခင်လေးအား မျက်လုံးတောက်တောက်နဲ့ ကြည့်လိုက်တော့ ခင်လေး လန့်ပြီး ...

"ထပ်တောင်းပန်ပါတယ်ရှင် ... ဒါမှမဟုတ် အင်္ကျီအစား ပြန်ဝယ်ပေးမယ်လေ"

"ဘာကွ ... နောက်ဆင်ခြင်ဖို့ ပြောတာ အင်္ကျီအစား လိုချင်လို့ ပြောတာ မဟုတ်ဘူး"

"ဟုတ် ဟုတ်ကဲ့ပါ "

"လူကြည့်တော့ နှာပိစုတ်လောက်နဲ့"

တီးတိုးပြောပြီး ထွက်သွားတော့ အမလေး လန့်သွားတာပဲဟာ ... ချယ်ရီတွေနဲ့ ကြာကြာပျော်ပျော်တောင် မနေလိုက်ရဘူး ငါကလည်း ငါပဲ ... ဘာလုပ်လုပ် နမော်နမဲ့နဲ့ ... လူကို နှာပိစုတ်တဲ့ ကိုယ်မှားလို့ ငြိမ်ငြိမ် နေလိုက်တယ်မှတ်။

***